Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




ဧရာဝတီ သတင်းဌာန ( ၂၀၁၅ ခုနှစ်)၊ အေအေပီပီမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ရရှိအသုံးပြုသည်။

## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ လကုန်တွင် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၅၉ ဦး မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း ထိန်းသိမ်းခံနေရဆဲဖြစ်ပြီး၊ တက်ကြွလှုပ်ရှားသူ ၂၁၃ ဦးတို့ တရားရင်ဆိုင်နေရဆဲဖြစ်ပါသည်။ အောက်ပါ ရေးသားဖော်ပြချက်များသည် သတင်းမီဒီယာများနှင့် အေအေပီပီ မြန်မာနိုင်ငံအတွင်းမှ လက်ခံရရှိသော နိုင်ငံရေးအကျဉ်းသား အရေး၊ မြန်မာနိုင်ငံရှိ နိုင်ငံသား အခွင့်အရေးများနှင့် လွတ်လပ်မှုတို့နှင့်စပ်လျဉ်းသည့် တိုးတက်ဖြစ်ထွန်းမှုများအပေါ် မီးမောင်းထိုးပြထားသည့် သတင်း အချက်အလက်များကို ဆန်းစစ် လေ့လာထားခြင်းဖြစ်ပါသည်။

# ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် တက်ကြွလှုပ်ရှားသူ ၁ ဦး ဖမ်းဆီးခံခဲ့ရပြီး၊ ၁၇ ဦး တရားစွဲဆိုခံရကာ၊ တက်ကြွလှုပ်ရှားသူ ၁ ဦး ထောင်ဒဏ်ချမှတ်ခံခဲ့ရပါသည်။ ဇန်နဝါရီလတွင် နိုင်ငံရေးအကျဉ်းသား ၁ ဦး သာ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ယခုနှစ် ၂၀၁၅ ခုနှစ်အစတွင် သမ္မတ ဦးသိန်းစိန်နှင့် အဓိက ကျသည့် အစိုးရ အာဏာပိုင်များမှ တိုင်းပြည်အတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက် လုပ်ဆောင်သွားရန် ရည်ညွှန်း ပြောဆိုသွားကြပြီး၊ ယုံကြည်မှုကြောင့် အကျဉ်းချခံနေရသည့် အကျဉ်းသားများအား ဆက်လက်လွှတ်ပေးရန်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖေါ်ခွင့် အစရှိသည့် လူ့အခွင့်အရေး ကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်သွားရန် ပြောကြားသွားခဲ့ပါသည်။ ထိုကဲ့သို့ ကတိကဝတ်ပြုမှုများ လုပ်ဆောင်မှု ရှိ/မရှိဆိုသည်ကို ဆက်လက်ကြည့်ရှုသွားရမည်ဖြစ်ပြီး၊ လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၁၅၉ ဦး ဆက်လက်ထိန်းသိမ်းခံနေရခြင်း၊ တက်ကြွလှုပ်ရှားသူ ၂၁၃ ဦးတို့ တရားရင်ဆိုင်နေရခြင်းနှင့် အစိုးရမှ အရေးကြီးလှသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူညီချက်အား လက်မှတ်ထိုးရန် ပျက်ကွက်ခြင်းတို့သည် ထိုပေးခဲ့သည့် ကတိကဝတ်များနှင့် ဆီလျော်မှု မရှိပဲ ယုံကြည်စရာ မရှိဖြစ်နေသည်ကိုလည်း တွေ့ရှိရပါသည်။

ယခုလတွင် အငြင်းပွါးဖွယ်ရာ လက်ပန်းတောင်းတောင် ကော့ပါးမိုင်း စီမံကိန်းနှင့်ပတ်သက်သည့် ဆန္ဒပြမှုအတွင်း ပါဝင်ဆန္ဒပြခဲ့သူ ဒေါ်ခင်ဝင်း သေဆုံးရခြင်းသည် ရဲများ၏ မှားယွင်းမှုဖြစ်ကြောင်း မြန်မာ နိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ တွေ့ရှိခဲ့ပါသည်။ ရဲများမှ သေနတ်ဖြင့် မပစ်ခတ်မီ လူအုပ်စုအား လူစုခွဲရန် ပြုလုပ်ရသည့် အဆင့်များစွာကို ကျော်ခဲ့ကြောင်း (MNHRC) ၏ ထုတ်ပြန်ချက်မှ ပြောကြားသွားခဲ့ပါသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကချင် ကျောင်းဆရာမ ၂ ဦးဖြစ်သူ ခေါင်နန်စင်နှင့် မရန်လုလာတို့ ၂ ဦး အဓမ္မပြုကျင့်ခံရပြီး သတ်ဖြတ်ခံခဲ့ရခြင်းသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖေါက်မှုများဖြစ်နေကြောင်း ထပ်မံ မီးမောင်း ထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ ထိုကိစ္စအား မြန်မာစစ်တပ်မှ စစ်သားတို့ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲမှုများလည်း ဖြစ်ပေါ်နေပြီး၊ အမှုဖြစ်သည့်နေရာသို့ ရဲများမှ သွားရောက်ကြည့်ရှုပြီး စစ်ဆေးခဲ့ပါသည်။ ထိုကဲ့သို့မတရား ပြုကျင့်ခံရပြီး သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများစွာတို့မှ တောင်းဆိုနေသော်လည်း အစိုးရမှ တရားဝင် စုံစမ်းစစ်ဆေးမှုအား ယခုအချိန်အထိ ပြုလုပ်ခြင်းမရှိပါ။ ထို ကချင်ဆရာမ ၂ ဦး မတရားပြုကျင့်ခံရပြီး သေဆုံးခြင်းနှင့်ပတ်သက်၍ စစ်တပ်တွင် တာဝန် လုံးဝမရှိကြောင်း၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် စစ်တပ်မှ စာတစ်စောင် ထုတ်ပြန်ပြီး ငြင်းဆိုခဲ့ကာ၊ ကချင်ဆရာမ ၂ ဦးအား စစ်တပ်မှ သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲပြောဆိုသူ မည်သူကိုမဆို ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးမှ သတိပေး ပြောကြားခဲ့ပါသည်။ သို့သော်လည်း စစ်တပ်မှ သေဆုံးသူများ၏ မိသားစုဝင်များအား လျော်ကြေးငွေ ထောက်ပံ့ပေးရန် ကြိုးစားမှုသည် သံသယဖြစ်ဖွယ်ဖြစ်ကြောင်း စွပ်စွဲပြောဆိုမှုများလည်း ရှိနေပါသည်။

ယခုလတွင်ပင် လက်ကျန်နိုင်ငံရေး အကျဉ်းသားစီစစ်ရေးကော်မတီအား နိုင်ငံရေး အကျဉ်းသားများရေးရာ ကော်မတီအဖြစ် ပြောင်းလည်း ဖွဲ့စည်းခဲ့ကြောင်းလည်း သိရှိရပါသည်။ သမ္မတဦးသိန်းစိန်၏ သဘောအရ ထိုကဲ့သို့ ပြောင်းလည်းဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ထိုအဖွဲ့ ဖွဲ့စည်းပြီး နောက် ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသားများ၏ အမှုများကိုသာ ပြန်လည်စစ်ဆေး ကြည့်ရှုမည်ဖြစ်သလို မူလ လက်ကျန်နိုင်ငံရေး အကျဉ်းသား စီစစ်ရေးကော်မတီ၏ အမည်အရ အမည်အတွင်း "လက်ကျန်" ဆိုသည့် စကားလုံး ပါရှိသည့်အတွက် ယခင်အမှုအများအတွက်သာ လုပ်ဆောင်နိုင် မည်ဖြစ်ကြောင်း သိရှိရပါသည်။ အသစ်ပြောင်းလည်း ဖွဲ့စည်းလိုက်သည့် ကော်မတီအသစ်တွင် အေအေပီပီအား တရားဝင် အကြောင်းပြချက်မရှိပါပဲ ထုတ်ပါယ်လိုက်ခြင်းသည် မဖြစ်သင့်ပါပဲ ယခင်ကော်မတီဟောင်း၏ အဖွဲ့ဝင် ဖြစ်သူ ဦးရဲအောင်မှ အစိုးရ၏ ထိုသို့လုပ်ဆောင်ချက်အား ဝေဖန်ပြောဆို လိုက်ပါသည်။ ဦးရဲအောင်မှ "အေအေပီပီက အချက်အလက် ကောက်ခံတဲ့နေ ရာမှာ ကောင်းတယ် သူတို့မှာ အတွေ့အကြုံရှိတယ် ပြီးတော့ နိုင်ငံရေးအကျဉ်းသားစာရင်းကို သူတို့ပဲ ပြုစုထားတာ ဖြစ်တယ်" ဟုပြောကြားလိုက်ပြီး၊ အေအေပီပီအား အဖွဲ့အသစ်မှ ထုတ်ပါယ်လိုက်ခြင်းသည် ခက်ခဲသွားစေမည် ဖြစ်ကြောင်း ၎င်းမှ ထပ်မံပြောကြားလိုက်ပါသည်။ အစိုးရဖက်မှလည်း အဖွဲ့အသစ်တွင် အေအေပီပီအား မည်သည့်အတွက် ထုတ်ပါယ်ကြောင်းဆို သည်ကို ကော်မတီအသစ်မှ ပြုလုပ်မည့် ပထမဦးဆုံးအစည်းအဝေးတွင် ပြောကြားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ကျောင်းသားများမှ ပညာရေးဥပဒေသည် အစိုးရအား ဩဇာအာဏာ အလွန်အမင်း ပေးအပ်ထားသည်ဟု ယူဆသည့်အတွက် ထိုဥပဒေအား ဆန့်ကျင်ဆန္ဒပြရန်အတွက် ရာဂဏန်းရှိသည့် ကျောင်းသားများ မန္တလေးမှ ရန်ကုန်သို့ ချီတက်နေကြပြီး၊ ယခုလတွင် အမျိုးသား ပညာရေးဥပဒေ အရေးကိစ္စသည်လည်း ရှေ့တန်းသို့ ရောက်ရှိနေပါသည်။ ထိုချီတက်ဆန္ဒပြမှုအား ရဲများမှ စောင့်ကြည့် မှတ်တမ်းယူမှုများ ရှိခဲ့ပြီး၊ နောက်ဆုံးတွင် ပညာရေးဥပဒေနှင့် ပတ်သက်သည့် ကျောင်းသားတို့၏ တောင်းဆိုချက် ၁၁ ချက်အား ဆွေးနွေးရန်အတွက် အစိုးရအာဏာပိုင်တို့မှ လေးပွင့်ဆိုင် ဆွေးနွေးပွဲအား နေပြည်တော်တွင်၊ ဖေဖေါ်ဝါရီလ ၁ ရက်နေ့၌ ပြုလုပ်ရန် သဘောတူညီခဲ့ပြီး ရက်သတ်မှတ်ခဲ့ပါသည်။

နောက်ဆုံးတစ်ခုအနေဖြင့် သမီးဖြစ်သူ သေဆုံးခြင်းသည် စစ်တပ်၏လက်ချက်ကြောင့်ဟု စွပ်စွဲခဲ့သည့် ဖခင်ဖြစ်သူ ဦးဘရန်ရှောင်သည် ၎င်း၏အမှုတွင် အဓိကသက်သေဖြစ်သည့် ဆရာဝန်အား အခြားနယ်သို့ ပြောင်းရွှေ့လိုက်သည့်အတွက် ထောင်ဒဏ်ကျခံရဖွယ် ဖြစ်နေပါသည်။ ယခင် တရားသူကြီးအားလည်း တရားသူကြီး အသစ်တစ်ဦးနှင့်အစားထိုးလိုက်ပြီး၊ ထိုတရားသူကြီးအသစ်မှ သက်သေများအား ကြားနာစစ်ဆေးမှု မပြုမီ ထိုအမှုအား အတည်ပြုလိုက်ကြောင်းလည်း သိရှိရပါသည်။

[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မြန်မာ့အလင်း (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ အလဲဗင်း (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ Burma News International (အင်္ဂလိပ်)

# ထိန်းသိမ်းခံရခြင်းများ

## မြေယာပြန်လည်ရရှိရေး တစ်ကိုယ်တော်ဆန္ဒပြသူ ဖမ်းဆီးခံရ

“ငါတို့မြေ ပြန်ပေး” ဆိုသည့်စာသားပါသည့် အင်္ကျီအား ဝတ်ဆင်ပြီး ထိုစာသား ပါရှိသည့် ပိုစတာအား ကိုင်ဆောင်ကာ တစ်ကိုယ်တော် ဆန္ဒပြပြီးနောက် ကိုစောဝေအား အာဏာပိုင်တို့မှ ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ကိုစောဝေမှ အာဏာပိုင်များသည် ဟိုတယ်များ တည်ဆောက်ရန်အတွက် လယ်သမားတို့ပိုင် ငပလီကမ်းခြေ အနီးအနားရှိ မြေများအား သိမ်းဆည်းခဲ့ကြသည့်အတွက် ထိုမြေများအား ပြန်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ နိုရွှေ့ရာသတင်း၏ ထုတ်ဖော်ပြောကြားချက်အရ ယခင် အနောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်မှ မြေများအား ဦးစွာ သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများမှာ လျော်ကြေးလည်း မရရှိကြောင်း သိရှိရပါသည်။

*[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ နိုရွှေ့ရာ]*

## လက်ပန်းတောင်းအရေးကိစ္စ ဆန္ဒပြသူ ၂ ဦး ထပ်မံ ဖမ်းဆီးခံရ

မြေသိမ်းဆည်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ဆီးမှုအား ကျူးလွန်ခဲ့သည့် တရုတ်ပိုင် လက်ပန်းတောင်း ကော့ပါးမိုင်းကုမ္ပဏီအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသူ ၆ ဦးတို့အား “နိုင်ငံတော်၏ ပုံရိပ်အား ထိခိုက်အောင် လုပ်ဆောင်မှု” နှင့် ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်နိုင်သည့် တာဝန်ဝတ္တရား နှောက်ယှက်မှုတို့ဖြင့် တရားစွဲဆိုထားသည့်အပြင်၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့်ပါ ထပ်မံ တရားစွဲဆိုထားပါသည်။ ထို ၆ ဦးတို့အပြင် နောက်ထပ်တစ်ဦးအားလည်း တရားစွဲဆိုထားပြီး၊ ရဲများမှ ၎င်းတို့အား ပြစ်ဒဏ်ချမှတ်နိုင်ရန် အထောက်အထားများ ရှာဖွေလျက်ရှိကြောင်း သိရှိရပါသည်။

ကုမ္ပဏီမှ ဒေသခံရွာသားများနှင့် အငြင်းပွါးနေရသည့် နယ်မြေတွင် ခြံစည်းရိုးခတ်စဉ်၊ လက်ပန်းတောင်းကော့ပါးမိုင်း ဒေသရှိ ရွာသားများမှ တားဆီးရန် ကြိုးစားသည့်အတွက် ရဲများမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး၊ ထိုပစ်ခတ်မှုကြောင့် ဆန္ဒပြတားဆီးရာတွင် ပါဝင်ခဲ့သူ ဒေါ်ခင်ဝင်း သေနတ်ထိမှန် သေဆုံးခဲ့ရပါသည်။ ထိုသေဆုံးမှုနှင့် ရဲတို့၏ လုပ်ရပ်အား ဆန့်ကျင်သည့်အနေဖြင့် ရန်ကုန်မြို့ရှိ တရုတ်သံရုံးရှေ့တွင် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

*[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ အလဲဗင်း (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]*

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**မဖြူနှင်းထွေး လွှတ်မြောက်ရန် ထောက်ခံဆန္ဒပြသူ ထောင်ဒဏ်ချမှတ်ခံရ**

တက်ကြွလှုပ်ရှားသူ ကျောင်းသူတစ်ဦးဖြစ်သူ မဖြူနှင်းထွေးအား တရုတ်ပိုင် ဝမ်ပေါင် ကုမ္ပဏီမှ ဝန်ထမ်း ၂ ဦးအား ပြန်ပေးဆွဲမှုဖြင့် တရားစွဲဆိုခဲ့ကာ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မုံရွာအကျဉ်းထောင်၌ တစ်လခန့် ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ထိုဖြစ်ရပ်ကို မတင်မာရီမှ ဆန့်ကျင်ပြီး မဖြူနှင်းထွေးအား ထောက်ခံခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင်၊ ထောင်ဒဏ် တစ်လ ချမှတ်ခဲ့ပါသည်။ မတင်မာရီနှင့် အခြားဆန္ဒပြသူများသည် မန္တလေး မဟာမြတ်မုနိ ဘုရားသို့ လမ်းလျှောက်ချီတက်ပြီး မဖြူနှင်းထွေး လွှတ်မြောက်ရန် ဆုတောင်းခဲ့ကြသည့်အတွက် ဒေသခံအာဏာပိုင်တို့၏ ခွင့်ပြုချက်မရပဲ ဆန္ဒပြခဲ့ခြင်းကြောင့် မတင်မာရီအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ထိုဆုတောင်းပွဲတွင် လူ ၅၀ ခန့်ပါဝင်ခဲ့သော်လည်း မတင်မာရီ တစ်ဦးတည်းကိုသာ ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# ထောင်မှလွတ်မြောက်မှုများ

**ဒေါက်တာထွန်းအောင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်**

မြန်မာနိုင်ငံ အနောက်ဖက်တွင် ဖြစ်ပွါးခဲ့သည့် ဘာသာရေးအဓိကရုဏ်း အတွင်း ပါဝင်ခဲ့သူများကို တည်ငြိမ်အောင် ထိန်းသိမ်းပေးခဲ့ပြီးနောက် ထိုဒေသ၏ ထင်ရှားသည့် ဆရာဝန်သည် ထောင်ဒဏ် ၁၇ နှစ် ချမှတ်ခံခဲ့ရပြီး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ အဓိကရုဏ်း ငြိမ်သက် အေးချမ်းအောင် ကြိုးစားပေးရန် ဒေါက်တာ ထွန်းအောင်အား အာဏာပိုင်တို့မှ ချည်းကပ်ပြီး စေခိုင်းခဲ့သည်ဟု သက်သေများမှ ထွက်ဆိုခဲ့ကြသော်လည်း ထိုဒေသတွင် ဖြစ်ပွါးခဲ့သည့် ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်တို့အကြား ဘာသာရေး အဓိက ရုဏ်းကိစ္စနှင့် စပ်လျဉ်းပြီး မှားယွင်းစွပ်စွဲခံခဲ့ရပြီးနောက် ဦးထွန်းအောင် သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပိုမိုအာရုံစိုက်ခြင်း ခံခဲ့ရပါသည်။ သတင်းဌာနများမှ ဒေါက်တာထွန်းအောင်အား တွေ့ဆုံမေးမြန်းမှုအရ လွတ်မြောက်လာရန်အတွက် အမေရိကန်နိုင်ငံ ကွန်ဂရက် အမတ် Mr. Aaron Schock မှ ကူညီပေးခဲ့ကြောင်းနှင့် Prague Freedom Foundation ၏ ကြိုးပမ်းခဲ့မှုတို့အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ဒေါက်တာထွန်းအောင်မှ ပြောကြားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# ထောင်တွင်းအခြေအနေများ

## ဖမ်းဆီးထိန်းသိမ်းခံရှေ့နေ အစာငတ်ခံ ဆန္ဒပြ

မြေယာအရေး တက်ကြွလှုပ်ရှားသူများအား ကူညီ ဆောင်ရွက်ပေးခဲ့သောကြောင့် အိုးဘို အကျဉ်းထောင်အတွင်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လကတည်းမှစတင်ပြီး ဖမ်းဆီးထိန်းသိမ်းခံထားရသူ တရားရုံးချုပ်ရှေ့နေ ဦးဇော်ဝင်း အစာငတ်ခံဆန္ဒပြနေကြောင်း သိရှိရပါသည်။ တရားရုံးသို့ ရဲမှူးမှ လာရောက်ရန် ပျက်ကွက်ခဲ့ပါက မိမိအားလည်း အာမခံဖြင့် လွှတ်ပေးသင့်ကြောင်း ဦးဇော်ဝင်းမှ တရားရုံးတော်တွင် တောင်းဆိုခဲ့ပါသည်။ ရဲမှူးမှ တရားရုံးသို့တက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဦးဇော်ဝင်းမှ အစာငတ်ခံ ဆန္ဒပြခြင်းအား စတင်ခဲ့ခြင်းဖြစ်သည်။ ဦးဇော်ဝင်းအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အရ အာမခံပေးနိုင်သော်လည်း ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့် ထပ်မံ ဖမ်းဆီးကာ အိုးဘိုအကျဉ်းထောင်သို့ ချက်ခြင်း ပို့ဆောင်ခဲ့သည့်အတွက် ထိုနေ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ စတင်၍ ဦးဇော်ဝင်းမှ အစာငတ်ခံ ဆန္ဒပြခဲ့ပြီး ဦးဇော်ဝင်း၏ ဇနီး ဒေါ်စံကြည်သာအားလည်း ထိုသို့ဆန္ဒပြနေခြင်းကြောင့် ထောင်ဝင်စာ တွေ့ခွင့်ပြုရန် ငြင်းဆန်ခဲ့ပါသည်။ ဒေါ်စံကြည်သာ၏ ပြောကြားချက်အရ ဦးဇော်ဝင်းတွင် အသဲနှင့် ဆီးကျောက်တည်ရောဂါ ရှိကြောင်း သိရှိရ ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ*

## တက်ကြွလှုပ်ရှားသူများမှ အာမခံ မရရှိသည့်အတွက် အစာငတ်ခံ ဆန္ဒပြရန် စီစဉ်

ရန်ကုန်မြို့ရှိ တရုတ်သံရုံးရှေ့တွင် ဆန္ဒပြခဲ့သောကြောင့် ဖမ်းဆီး တရားစွဲဆိုခံခဲ့ရသည့် တက်ကြွလှုပ်ရှားသူများမှ ၎င်းတို့အား အာမခံ အကြိမ်ကြိမ် ငြင်းပါယ်သည့်အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ စတင်ပြီး အစာငတ်ခံ ဆန္ဒပြမည်ဖြစ်ကြောင်း ဒဂုံမြို့နယ် တရားရုံးတွင် ဇန်နဝါရီလ ၂၇ ရက်နေ့၌ ပြောကြားလိုက်ပါသည်။ ဒေါ်နော်အုန်းလှ၊ ကိုနေမျိုးဇင်၊ မစိန်ထွေး၊ ဒေါ်စန်းစန်းဝင်း (ခ) ဒေါ်လေးလေး၊ ကိုတင်ထွဋ်ပိုင်နှင့် ကိုသန်းဆွေတို့အပါအဝင် တက်ကြွလှုပ်ရှားသူ ၇ ဦးတို့အား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) နှင့် ပုဒ်မ ၃၅၃ တို့အပါအဝင် ပုဒ်မ ၅ ခုတို့ဖြင့် တရားစွဲဆိုထားပြီး တရားစွဲဆိုခံရသူများမှလည်း ပုဒ်မ ၅၀၅ (ခ) သည် သူတို့အမှုနှင့် လုံးဝမသက်ဆိုင်ကြောင်း ပြောကြားထားပါသည်။ ရှေ့နေဦးရောဘတ်ဆန်းအောင်၏ ပြောကြားချက်အရ တတိယအကြိမ်တင်ခဲ့သည့် အာမခံအား ဇန်နဝါရီလ ၂၇ ရက်နေ့ တရားရုံးကြားနာခြင်းမှ ငြင်းဆန်ခဲ့သလို နောက်တစ်ကြိမ် တင်ခဲ့သည့် အာမခံအားလည်း ငြင်းပါယ်ခဲ့ကြောင်းနှင့် နောက်ထပ်တရားရုံးချိန်းအား ဖေဖေါ်ဝါရီလ ၂ ရက်နေ့သို့ သတ်မှတ်ထားကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ဒီဗွီဘီ*

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်း အာမခံမရ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းနှင့် စာရေးဆရာ တစ်ဦးဖြစ်သူ ဦးထင်လင်းဦးသည် အာမခံ ၄ ကြိမ်မြောက် ငြင်းပါယ်ခံရကြောင်း ဦးထင်လင်းဦး ရှေ့နေ၏ပြောကြားချက်အရ သိရှိရပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဦးထင်လင်းဦးသည် မိန့်ခွန်းပြောကြားခဲ့ပြီး ထိုမိန့်ခွန်း၌ ဗုဒ္ဓဘာသာနှင့် အမျိုးသားရေး အစွန်းရောက်သူများနှင့် စပ်လျဉ်းပြီး မထောက်ခံကြောင်း လူထုကြားထဲတွင် ပြောကြားခဲ့ပါသည်။ ထို့ကြောင့် သူ့အား ဘာသာ သာသနာညှိုးနွမ်းစေသည့် ပုဒ်မများဖြစ်သည့် ပုဒ်မ ၂၉၅၊ ပုဒ်မ ၂၉၈ တို့ဖြင့် တရားစွဲဆိုခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်၊ နောက်တစ်ကြိမ် တရားရုံးထုတ် စစ်ဆေးသွားမည်ဟု သိရှိရပါသည်။ ဦးထင်လင်းဦး ရှေ့နေမှ "အချို့ မဘသ ဘုန်းကြီးတွေက တရားရုံးကို လာပြီး "သူ့ကိုထောင်ချ" ဆိုပြီး အော်ဟစ်ကြတယ် ဒါကြောင့် ဒီအမှုအတွက် ကျနော်တို့က စိုးရိမ်ပြီး တရားရုံးပြောင်းပေးဖို့ ရုံးတော်ကို တောင်းဆိုထားပါတယ်" ဟု ပြောကြားသွားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များ ဒဏ်ငွေ ချမှတ်ခံရ

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဖွန်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် အတွက် ဟောပြောပွဲ ဦးဆောင်ခဲ့ကြသောကြောင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အဖွဲ့ဝင် ၁၁ ဦးတို့ ကျူးကျော်မှု ပုဒ်မ ၄၄၇ နှင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ထို ၁၁ ဦးတို့အား အပြစ် မရှိကြောင်း တရားသူကြီးမှ ဆုံးဖြတ်ခဲ့ပါသည်။ သို့သော်လည်း ကိုနေမျိုး ကျော်နှင့် အခြား ၂ ဦးတို့အား အသံချဲ့စက် အသုံးပြုခဲ့သည့်အတွက် ဟုဆိုကာ ဒဏ်ငွေ ၃ ထောင်ကျပ်စီ အသီးသီး ချမှတ်ခဲ့ပါသည်။ ထို့အပြင်ကိုနေမျိုးကျော်အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထပ်မံ တရားစွဲဆိုခဲ့ပါသည်။ ထို ဇန်နဝါရီလ ၂၉ ရက်နေ့တွင်ပင် ကိုနေမျိုးကျော်အား ရဲစခန်းသို့ ခေါ်ဆောင်သွားပြီး ၂၀၁၄ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ဟောပြောပွဲနှင့် စပ်လျဉ်း၍ သူ၏အခန်းကဏ္ဍကို မေးမြန်းခဲ့ပါသည်။ ထို့နောက် ကိုနေ မျိုးကျော်အား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုကြောင်း တရားဝင် ပြောကြားပြီး ယခုအချိန်တွင် သူသည် ထိုပုဒ်မ ၁၈ အမှုအတွက် တရားရင်ဆိုင် နေရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## တစ်ကိုယ်တော် ဆန္ဒပြသူ တရားစွဲဆိုခံရ

လက်ပန်းတောင်းတောင် အရေးကိစ္စနှင့်ပတ်သက်ပြီး တာဝန်ယူနိုင်မှု မရှိသည့်အတွက် စစ်ကိုင်းတိုင်းဝန်ကြီး ဦးသာအေးအား နုတ်ထွက် ပေးရန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် တောင်းဆိုခဲ့သော ကြောင့် တစ်ကိုယ်တော် ဆန္ဒပြခဲ့သူ ကိုသန်းထိုက်ဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် ဇန်နဝါရီလ ၉ ရက်နေ့တွင် တရားစွဲဆိုခဲ့ပါသည်။ ကိုသန်းထိုက်ဦး၏ အမှုအား စစ်ကိုင်းမြို့ရှိ မြို့မရဲစခန်းမှူး သိဃ်ဝင်းမှ တရားလိုပြုလုပ်ကာ အမှုဖွင့်ခဲ့ပြီး၊ ကိုသန်းထိုက်ဦးမှလည်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုရဲမှူးတို့ အာဏာ အလွဲသုံးစားလုပ်သည်ဟု ယူဆသည့်အတွက် တရားပြန်လည် စွဲဆိုသွားမည်ဟု ပြောကြားခဲ့ပါသည်။ ကိုသန်းထိုက်ဦးမှ “နိုင်ငံသားတွေက ဥပဒေကို လေးစားလိုက်နာပြီး ဘောင်ထဲက လုပ်တယ် ဒါပေမဲ့ အာဏာပိုင်တွေက ဥပဒေကို ချိုးဖေါက်နေတယ်၊ ဒါဟာတကယ်တော့ နိုင်ငံသား တစ်ယောက်ရဲ့ အခွင့်အရေးကို ချိုးဖေါက်တာလည်းဖြစ်တယ်၊ ကျနော်ကတော့ ဒါတွေကို နိုင်ငံတကာ ကပါ သိအောင် ကြိုးစားလုပ်ကိုင်သွားမယ်” ဟု ပြောကြားသွား ခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ မဇ္ဈိမ*
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ မဇ္ဈိမ*

## ယခင်ဝန်ကြီးများရုံးအနီးတွင် ဗ.က.သ အဖွဲ့ဝင် ကျောင်းသားများ ရိုက်နှက်ခံရ

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) အဖွဲ့ဝင် ၅ ဦးသည် လူ ၂၀ (သို့မဟုတ်) ၃၀ ခန့် ပါဝင်သည့် အမည်မသိ လူအုပ်စု တစ်စု၏ ရိုက်နှက်ခြင်းကို ခံခဲ့ရပြီး ထိုသို့ ရိုက်နှက်မှုသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၊ မနက် ၁ နာရီခန့်တွင် ဖြစ်ပွါးခဲ့ခြင်းဖြစ်သည်။ ရိုက်နှက်ခံရသည့် ကျောင်းသားများထဲမှ တစ်ဦးဖြစ်သူ ကိုထက်လွင်မှ ကျောင်းသားအုပ်စုသည် နိုင်ငံရေးအကြောင်းများ ဆွေးနွေး ပြောဆိုခဲ့ကြကြောင်း၊ ထိုသို့ဆွေးနွေးနေရာမှ ကျောင်းသားတစ်ဦးသည် သူ၏ မကျေနပ်ချက်တစ်ခုအား ကျယ်လောင်စွာ ပြောဆိုရာ အမည်မသိ လူအုပ်စု တစ်စုမှ ရုတ်တရက် ရောက်ရှိလာပြီး သူတို့အား တိုက်ခိုက်သွားကြောင်း ပြောကြားခဲ့ပါသည်။ ရိုက်နှက်ခံရသူများထဲမှ ကျောင်း သား ၄ ဦးသည် ပွန်းပဲ့ထိခိုက်ဒဏ်ရာများသာ ရရှိခဲ့သော်လည်း တစ်ဦး သည် ဦးခေါင်းအား ရိုက်နှက်ခြင်းကို ခံခဲ့ရသည့်အတွက် ဦးခေါင်းခွံတွင် ဒဏ်ရာရသွားပြီး ရန်ကုန်ပြည်သူ့ဆေးရုံ ဦးနှောက်နှင့် အာရုံကြောဌာနတွင် အရေးပေါ်လူနာအဖြစ် ကုသခံနေရပါသည်။ ရိုက်နှက်ခံရသည့် ကျောင်းသားများမှာ ကိုအောင်သောင်းဦး၊ ကိုကျော်စွာလင်း၊ ကိုဗစ်တာ၊ ကိုထက်လင်းနှင့် ကိုဟိန်းနေဇော် တို့ဖြစ်ပြီး ဗ-က-သ ကျောင်းသား အဖွဲ့ဝင်အချို့မှ ထိုကိစ္စနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ ဗိုလ်တစ်ထောင်ရဲစခန်းတွင် အမှုဖွင့်ထားကြောင်းလည်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဒီဗွီဘီ*

## အလဲဗင်း သတင်းမီဒီယာအုပ်စု သတင်းစာရှင်းလင်းပွဲ တက်ရောက်ခွင့် တားမြစ်ခံရ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဒုတိယဥက္ကဌ ဦးဌေးဦး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ အလဲဗင်း သတင်းမီဒီယာအုပ်စုမှ သတင်းထောက် များအား တက်ရောက်ခွင့်မပြုခဲ့ကြောင်း သိရှိရပါသည်။ သတင်းထောက်အားလုံး အား အစောပိုင်းတွင် နေ့လည်မှ ညနေ ၃ နာရီအထိ စောင့်ဆိုင်းခိုင်းခဲ့ပြီး၊ ထို့နောက် အခြားသတင်းဌာနမှ သတင်းထောက်များအား ဝင်ခွင့်ပြုခဲ့သော်လည်း အလဲဗင်းသတင်းဌာန သတင်းထောက်များအား ပါတီမှ တစ်စုံတစ်ဦးသို့ အကြိမ် ပေါင်းများစွာ ဖုံးဆက်ပြီးနောက်မှသာ ဝင်ခွင့်ပြုခဲ့ပါသည်။ သို့သော် အလဲဗင်း သတင်းထောက်များ ဝင်ခွင့်ရပြီး မကြာခင်မှာပင် သတင်းစာရှင်းလင်းပွဲသည် ပြီးဆုံးသွားခဲ့ပါသည်။ ဦးဌေးဦးမှ မည်သည့်သတင်းထောက်ကိုမှ သတင်းစာရှင်း လင်းပွဲ တက်ရောက်ရန် တားမြစ်ခဲ့ခြင်း မရှိကြောင်း ပြန်လည်ပြောကြားခဲ့ သည်ကိုလည်း သိရှိခဲ့ရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

## တက်ကြွလှုပ်ရှားသူ အုပ်စု တရားစွဲဆိုခံရ

တရားပွဲအား အာဏာပိုင်တို့၏ ခွင့်ပြုချက်မပါပဲ ကျင်းပခြင်းကြောင့်ဟုဆိုကာ တရားပွဲဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်သူ ဦးကျော်ဟိန်းအား အာဏာပိုင် တို့မှ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ ဖြင့် ၂၀၁၄ ခုနှစ် အလယ်တွင် ထောင်ဒဏ် ၁ လ ချမှတ်ခဲ့ပါသည်။ ထိုသို့ဦးကျော်ဟိန်းအား ထောင်ဒဏ်ချမှတ်သည်ကို မကျေနပ်သည့်အတွက် ဆန္ဒပြခဲ့ကြသောကြောင့် ကိုထိန်လင်းအောင်၊ ကိုကျော် ဇင်ဦး၊ ကိုသူဇော်ကြည်ဝင်း၊ ကိုတင်စိုး၊ မလှလှအေး (ခ) ဘုတ်ဆုံမ နှင့် မသန်းသန်းထွေး (ခ) ဘောလုံးမတို့အား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ၂၀၁၄ ခုနှစ်၊

ဇွန်လ ၁ ရက်နေ့တွင် တရားစွဲဆိုခံခဲ့ရပါသည်။ ထိုတက်ကြွလှုပ်ရှားသူအုပ်စုအား ရွှေပြည်သာမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အမိန့်ချမှတ်မည်ဟု ပြောကြားခဲ့သော်လည်း ၎င်းတို့အား ထောင်ဒဏ် ချမှတ်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ အေအေပီပီ*

**နိုင်ငံရေးအကျဉ်းသားဟောင်းများ တရားစွဲခံရ**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်၊ ပြည်မြို့မှ နိုင်ငံရေး အကျဉ်းသားဟောင်းများသည် အငြင်းပွါးဖွယ်ရာ လက်ပန်းတောင်း ကော့ပါး မိုင်းစီမံကိန်း ဆန့်ကျင်ဆန္ဒပြမှုအတွင်း ဒေါ်ခင်ဝင်း သေနတ်ထိမှန် သေဆုံးခဲ့ရ သည့်ဖြစ်ရပ်အား ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။ ဆန္ဒမပြမီ ဆန္ဒပြမည့်လမ်းကြောင်းကို အာဏာပိုင်တို့အား ကြိုတင် ခွင့်တောင်းခဲ့သော်လည်း အမှန်တကယ်ဆန္ဒပြသည့်နေ့တွင် ခွင့်မပြုခဲ့သည့်အတွက် ဆန္ဒပြသူများမှ မူလဆုံးဖြတ်ထားသည့်လမ်းကြောင်းအတိုင်း ချီတက်ဆန္ဒပြခဲ့ကြပါသည်။ ထို့ကြောင့် တက်ကြွလှုပ်ရှားသူ ၁၀ ဦး ဖြစ်ကြသည့် ဦးကျော်ဆန်း၊ ဦးကျော်ဆွေ၊ ဦးညီညီ၊ ဦးချစ်မင်းစိုး၊ ဦးမင်းမင်း၊ ဦးမျိုးဝင်းနိုင်၊ ဦးပြေလွင်၊ ဦးညွှန့်ဝေ၊ ဦးဝဏ္ဏနှင့် ဦးခင်ဇော်တို့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်းခံရကြောင်း သိရှိခဲ့ရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ အေအေပီပီ*

**မြန်မာစစ်တပ်မှ ရှမ်းအမျိုးသား တစ်ဦးအား မိသားစုဝင်များရှေ့တွင် သေနတ်ဖြင့်ပစ်ခတ်၊ ရွာသားများအားလည်း ရှမ်းပြည်နယ်တပ်မတော်အား အဓမ္မ ဆန္ဒပြခိုင်း**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် စိတ်ကျန်းမာရေး မကောင်းသည့် အသက် ၃၂ နှစ်အရွယ် ရှမ်းရွာသားတစ်ဦးအား စစ်တပ်မှ မိသားစုဝင်များရှေ့တွင် သေနတ်ဖြင့် ပစ်ခတ်ခြင်းနှင့်စပ်လျဉ်းပြီး ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်းမှ သတင်းထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဖြစ်သည့် ရှမ်းပြည်နယ် တပ်မတော်အား လူထုဆန့်ကျင်ဆန္ဒပြပွဲပြုလုပ်ရန် စစ်တပ်မှ ရွာသား ၁၂၀၀ ခန့်အား အတင်းဓမ္မ စေခိုင်းခဲ့ကြောင်းလည်း သိရှိခဲ့ရပါသည်။ ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း၏ ပြောကြားချက်အရ “ရွာသားတွေက လက်နက်ကိုင်အုပ်စု “ကျဆုံးပါစေ” လို့ ဗမာလို စီစဉ်ရေးသားထားတဲ့ တောင်းဆိုချက်တွေကို တောင်းဆိုဖို့ အတင်းအဓမ္မ စေခိုင်းခံခဲ့ရတယ်” ဟု ပြောကြားပြီး၊ “ဒီလိုရွာသားတွေကို အတင်းအဓမ္မ စေခိုင်းတာဟာ သူတို့ရဲ့ အခွင့်အရေးတွေကို ချိုးဖေါက်တာဖြစ်တယ် သူတို့ရဲ့ အသိဉာဏ်နဲ့ ဂုဏ်သိက္ခာကိုလည်း စော်ကားတာဖြစ်တယ်လို့” ဖောင်ဒေးရှင်း၏ သတင်းထုတ်ပြန်ချက်မှ ဖြည့်စွက်ပြောကြားသွားပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ Burma News International (အင်္ဂလိပ်)*

# မြေယာသိမ်းဆည်းမှုများ

## လယ်သမား ၄၅ ဦး ထောင်ဒဏ် ချမှတ်ခံရခြင်း

ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်၊ ဂုံမင်းကျေးရွာအုပ်စု၊ အုန်းပင်စု ကျေးရွာမှ လယ်သမား ၄၅ ဦးတို့အား အကျိုးစီးပွါးပျက်စီးစေမှု ပုဒ်မ ၄၂၇၊ ပိုင်နက်ကျူးလွန်မှု ပုဒ်မ ၄၄၇ တို့ဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်လိုက်ပါသည်။ ထိုလယ်သမား ၄၅ ဦးထဲမှ ၁၀ ဦးအား ထောင်ဒဏ် ၁ လမှ ၅ လစီ အသီးသီး ချမှတ်ခဲ့ပြီး၊ အခြား ၃၅ ဦးတို့အား ငွေဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပုသိမ်မြို့နယ်ရှိ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းရုံး၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကျင်းပခဲ့ပြီး ထောင်ကျလယ်သမားများ၏ မိသားစုဝင်များမှ တရားမျှတမှု မရှိသည့် ထောင်ဒဏ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကြောင်းလည်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဒီဗွီဘီ ယူကျူ (အင်္ဂလိပ်)*

## မြေယာသိမ်းဆည်းမှုအား ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် လယ်သမား ၁၉ ဦး ထောင်ဒဏ် ချမှတ်ခံရ

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် သတင်းစာတိုက် ဆောက်လုပ်ရန် မြေဧက ၅၀၀ အား သိမ်းဆည်းခဲ့သည့်အတွက် ဆန္ဒပြခဲ့ခြင်းကြောင့် နေပြည်တော် ပုဗ္ဗာသီရိ တရားရုံးမှ လယ်သမား ၁၉ ဦးတို့အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ထောင်ဒဏ်များ ချမှတ်ခဲ့ပါသည်။ ဆန္ဒပြခေါင်းဆောင် ကိုဇော်လတ်အား ထောင်ဒဏ် ၇ နှစ်နှင့် အလုပ်ကြမ်း ချမှတ်ခဲ့ပြီး၊ အခြား ၁၈ ဦးတို့အား ထောင်ဒဏ် ၄ နှစ်မှ ၆ နှစ် အထိနှင့် အလုပ်ကြမ်း အသီးသီးချမှတ်ခဲ့ပါသည်။ "ရဲတွေရဲ့ ထွက်ဆိုချက်အပေါ်ကိုပဲ အခြေခံပြီး တစ်ဖက်သတ် ပြစ်ဒဏ် ချမှတ်ခဲ့တာ ဖြစ်တယ် ကျနော်တို့ဖက်က သက်သေခေါ်ခွင့်လဲမရှိဘူး ကျနော်တို့ရသင့်တဲ့ အခွင့်အရေးတွေကိုလည်း မပေးခဲ့ဘူး ကျနော်တို့ကို ဒီလိုနှစ်ရှည် ထောင်ဒဏ် ချမှတ်တာဟာ လုံးဝ တရားမျှတမှု မရှိဘူး" လို့ ကိုဇော်လတ်မှ ပြောကြားခဲ့ပါသည်။
ဆန္ဒပြသူများအား ရဲတာဝန်ဝတ္တရားအား နှောက်ယှက်မှုအပါအဝင် ရာဇဝတ်မှုပုဒ်မ များစွာဖြင့် ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

## မန္တလေးတိုင်းတရားရုံးမှ စဥ့်ကူမြို့နယ် လယ်သမားများအမှုအား အဆုံးအဖြတ်ပြုရန် စောင့်ဆိုင်း

စဥ့်ကူမြို့နယ်မှ လယ်သမားများ၏ အမှုနှင့်ပတ်သက်ပြီး မန္တလေးတိုင်း တရားရုံးမှ ထိုအမှုအား လက်ခံ/လက်မခံဆိုသည့်ကိစ္စကို ထိုလယ်သမားတို့၏ရှေ့နေ ချေပပြောဆိုမှုကို ကြားနာပြီးနောက် ရက်သတ္တပတ် အနည်းငယ်အတွင်း တရားရုံးမှ ဆုံးဖြတ်မည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ညောင်ဝန်းကျေးရွာမှ လယ်သမားများသည် ယခင်စစ်အစိုးရလက်ထက်တွင် မြေယာများ သိမ်းဆည်းခဲ့မှုကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့်အတွက် ရဲများနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရပြီး ရွာသားများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြပါသည်။ ထိုသို့ရွာသားများ ထိခိုက်ဒဏ်ရာရသည်ကို ပြန်လည်တုန့်ပြန်သည့်အနေဖြင့် ရွာသား ၁၀၀ ခန့်မှ အာဏာပိုင်တစ်ချို့အား ရွာ၏ကျောင်းတွင် ခေတ္တ ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ထိုရွာသားများထဲမှ ၉ ဦးတို့အား အမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ် ချမှတ်နိုင်သည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၃၃ ဝတ္တရားနှောက်ယှက်မှုအပါအဝင် ပုဒ်မ ၅ ခုတို့ဖြင့် တရားစွဲဆိုထားပါသည်။ ထိုအမှုနှင့်ပတ်သက်ပြီး အခြား အထက်အာဏာပိုင်များမှ ပါဝင်ဆုံးဖြတ်မည်ကို စောင့်ဆိုင်းနိုင်ခြင်းကြောင့် တရားရုံးမှ ကြားနာမှုအား မကြာခင်အချိန်ကာလမှသာ ရက် သတ်မှတ်နိုင်ကြောင်း လယ်သမားတို့၏ရှေ့နေမှ ထောက်ပြ ပြောဆိုထားပါသည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး စနစ်သည် အစိုးရအာဏာပိုင်တို့နှင့် ကင်းပြီး လွတ်လပ်ခြင်း မရှိပါ။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

## လယ်သမား တစ်ဦး ခိုးမှုဖြင့် မတရားစွပ်စွဲခံရပြီး ဖမ်းဆီးခံရ

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်ရှိ လယ်သမားကြီး ဦးရွှေချိန်နှင့် သူ၏သား နှစ်ဦးဖြစ်သူ ဦးနိုင်ဝင်းနှင့် ဦးဘိုဘိုတို့အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့နှင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တို့တွင် ဖမ်းဆီးလိုက်ကြောင်း သိရှိရပါသည်။ အခြားလယ်သမား တစ်ဦးဖြစ်သူ ဦးအုန်းလွင်မှ ဦးရွှေချိန်ပိုင်ဆိုင်သည့် လယ်မြေအား သိမ်းယူခဲ့သောကြောင့် ထိုလယ်မြေ အငြင်းပွါးမှုပြဿနာအား ဒေသခံအာဏာပိုင်များထံသို့ ဦးရွှေချိန်မှ တင်ပြခဲ့ပါသည်။ ဦးရွှေချိန်မှ ထိုမြေများသည် သူပိုင်ဆိုင်သည့်မြေဖြစ်ကြောင်း ပြေစာများဖြင့် သက်သေပြနိုင်သော်လည်း ထိုလယ်မြေပေါ်တွင် စပါးစိုက်ပျိုးကာ ရိတ်သိမ်းခဲ့သည့်အတွက်၊ ဦးအုန်းလွင်မှ ဦးရွှေချိန်အား ခိုးမှုဖြင့်စွပ်စွဲခဲ့ကာ ဦးရွှေချိန်နှင့် သူ၏သား နှစ်ဦးတို့ ခိုးမှု ပုဒ်မ ၃၇၉ ဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ မြေယာအရေး ဆောင်ရွက်သူ ဦးဇော်ရမ်း၏ ပြောကြားချက်အရ ဦးရွှေချိန်တို့၏အမှုအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကြားနာမည်ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## လယ်သမား ဦးငချွန်း ကျူးကျော်မှုဖြင့် ထောင်ဒဏ် ချမှတ်ခံရ

လယ်သမားတစ်ဦးဖြစ်သူ ဦးငချွန်းသည် ကျူးကျော်သည်ဟု စွပ်စွဲခံခဲ့ရကာ မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၆ ဖြင့် ထောင်ဒဏ် တစ်လ ချမှတ်ခံခဲ့ရပါသည်။ အခြားကျူးကျော်သူများအား ငွေကျပ် ၂ သိန်းပေးကာ မြေကွက်အသစ်များ ပေးပြီး ပြန်လည် နေရာချထားသော်လည်း သူ့အား လျော်ကြေးငွေမပေးပဲ ပြန်လည်နေရာချထားပေးခဲ့ကြောင်း ဦးငချွန်းမှ ပြောကြားခဲ့ပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဒေသခံအယောက် ၂၀ ကျော် ထောင်ဒဏ်များ ချမှတ်ခံခဲ့ရပြီး အခြားဒေသခံ ၄ ဦးတို့သည် တရားရင်ဆိုင်နေရပါသည်။ သမ္မတမှ အိမ်ခြေ ၅၀ သို့မဟုတ် ၅၀ ထက်ပိုရှိပါက ရွာအဖြစ် သတ်မှတ်ကြောင်း ပြောကြားခဲ့သည့်အတွက် ထိုလယ်သမားတို့အား နေပြည်တော်ကောင်စီမှ ထောင်ဒဏ်ချမှတ်လိုက်ခြင်းသည် လက်ခံနိုင်စရာမရှိကြောင်းနှင့် ဦးငချွန်း၏ရှေ့နေမှ "အဲ့ဒီနေရာကို လူဝင်မှုကြီးကြပ်ရေးဌာနက လယ်ဝေးမြို့နယ်အတွင်း စာရင်းသွင်းထားတာကြောင့် ကျူးကျော်တာ မဟုတ်ကြောင်း" ပြောကြားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

### လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ အငြင်းပွါးဖွယ်ရာဖြစ်နေသည့် ဥပဒေနှင့်စပ်လျဉ်းပြီး သတင်းထုတ်ပြန်

ပြီးခဲ့သည့်နှစ်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့ကြသည့် တက်ကြွလှုပ်ရှားသူ များစွာအား ဖမ်းဆီးထိန်းသိမ်းရန် အသုံးပြုခဲ့သည့် အငြင်းပွါးဖွယ်ရာဖြစ်သော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ နှင့်စပ်လျဉ်းပြီး လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကြီးမှ သတင်းထုတ်ပြန် ကြေညာလိုက်ပါသည်။ ထိုသတင်းထုတ်ပြန်ချက်မှ ငြိမ်းချမ်းစွာဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ခြင်းကြောင့် ဖမ်းဆီးခံခဲ့ရသည့် လက်တစ်လောအမှုများကို မီးမောင်းထိုးပြထားပြီး၊ ထိုဥပဒေအား မည်သို့ ပြုပြင်ပြောင်းလဲသင့်ကြောင်း အကြံပြုချက် များစွာကိုလည်း ထည့်သွင်းဖေါ်ပြထားပါသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (အာရှ) ၏ လက်ထောက် ဒါရိုက်တာ Brad Adams မှ "မြန်မာနိုင်ငံဟာ ဒီနှစ် နှောင်းပိုင်းမှာ ရွေးကောက်ပွဲကျင်းပမှာဖြစ်တာကြောင့် ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့သူတွေကို ဖမ်းဆီးတာဟာ ကောင်းတဲ့အတိတ်နမိတ်တော့ မဟုတ်ပါဘူး၊ ရွေးကောက်ပွဲကာလမှာ ဆန္ဒပြပွဲတွေ အများကြီးတွေ့ရမှာပါ တကယ်ကို မှန်ကန်တဲ့ ဒီမိုကရေစီ စနစ်ကို သွားနေတယ်ဆိုရင် ဒီလိုဆန္ဒပြပွဲတွေကို ခွင့်ပြုရမှာဖြစ်သလို ကာကွယ်ပေးရမှာလည်း ဖြစ်တယ် နိုင်ငံတကာ စံနှုန်းတွေနဲ့အညီ ဆန္ဒပြမှုတွေကို ခွင့်ပြုဖို့ လွှတ်တော်ကနေ ဥပဒေတွေကို အလျင်အမြန်နဲ့ အချိန်မှီ မပြုပြင်နိုင်စရာ အကြောင်းမရှိပါဘူး" ဟု ပြောကြားသွားခဲ့ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ကြီး (အင်္ဂလိပ်)*

### ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ရှေ့နေချုပ်ဦးထွန်းထွန်းဦးတို့ တွေ့ဆုံ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်၊ မြန်မာနိုင်ငံ ရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Ms. Yanghee Lee ဦးဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံကာ ဆွေးနွေးမှုပြုခဲ့ပါသည်။ အစည်းအဝေးအတွင်းတွင် တရားမျှတမှုများ ပိုမိုရရှိရန်၊ တရားရုံးကြားနာမှုများ မြန်ဆန်ရန်၊ တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး လူထုသိရှိနိုင်မှုကို ပိုမိုတိုးမြှင့်ရန်၊ တရားစီရင်ရေး လွတ်လပ်မှုရှိရန်နှင့် တာဝန်ခံမှုရှိရန်၊ တရားမျှတမှု၊ တန်းတူညီမျှရှိမှုနှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်တို့နှင့် ပတ်သက်သည့် ပြည်ထောင်စု တရားလွှတ်တော်၏ ၃ နှစ် စီမံကိန်းအား ဦးထွန်းထွန်းဦးမှ ရှင်းလင်းတင်ပြခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)*

### အစိုးရမှ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မလိုအပ်ကြောင်း ပြောကြား

ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee ၏ မြန်မာနိုင်ငံ ၁၀ ရက်ခရီးစဉ် မပြီးဆုံးခင် တစ်ရက်အလိုတွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂ အနေဖြင့် အထူးကိုယ်စားလှယ် ဆက်လက်ထားရှိရန် မလိုအပ်ကြောင်း မြန်မာအစိုးရမှ ပြောကြားလိုက်ပါသည်။ သမ္မတရုံး၏ ဒါရိုက်တာ ဦးဇော်ဌေးမှ "မြန်မာနိုင်ငံရဲ့ ပြည်တွင်း နိုင်ငံရေးနဲ့ပတ်သက်ပြီး လွှမ်းမိုးချုပ်ကိုင်ဖို့" အခြားသူများမှ ကြိုးစားနေကြကြောင်း စွပ်စွဲပြောဆိုလိုက်ပြီး "အဲ့လိုချုပ်ကိုင်ဖို့ အထူးကိုယ်စားလှယ်ကို တာဝန်ပေး ဆောင်ရွက်နေတာ ဖြစ်တယ်" ဟု စွပ်စွဲပြောကြားခဲ့ပါသည်။ Ms. Yanghee Lee မှ ရိုဟင်ဂျာတို့၏အရေးကို စိတ်ဝင်စားပြီး၊ အုပ်စုတစ်စု၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဖြစ်သည့် ထိုသူတို့၏ ကိုယ်စားပြုမှုကို ထောက်ခံခဲ့ခြင်းကြောင့် အထူးကိုယ်စားလှယ်နှင့် မြန်မာအစိုးရတို့အကြား ဆက်ဆံရေး တင်းမာခဲ့ပုံရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

### ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ နိုင်ငံရေးအကျဉ်းသား ၆ ဦးနှင့်တွေ့ဆုံ

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee သည် သူမ၏ ဒုတိယအကြိမ် တရားဝင် မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အင်းစိန်အကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသား ၆ ဦးတို့နှင့် တွေ့ဆုံခဲ့ပြီးနောက် လက်ကျန် နိုင်ငံရေးအကျဉ်းသားများ စီစစ်ရန် ဖွဲ့စည်းခဲ့သည့် လက်ကျန်နိုင်ငံရေး အကျဉ်းသား စီစစ်ရေးကော်မတီ၏ အဖွဲ့ဝင်ဟောင်းများဖြစ်ကြသည့် ဦးရဲအောင်၊ဦးကိုကိုကြီး၊ ဦးသူရ (ကိုဇာဂနာ) တို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံရှိ လက်ကျန်နိုင်ငံရေး အကျဉ်းသား အရေအတွက်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။
*၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့် သုံးသပ်ချက်

ကချင်ဆရာမ ၂ ဦး အဓမ္မပြုကျင့်ခံရပြီး သတ်ဖြတ်ခံရခြင်းသည် အစိုးရမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများကို ကျင့်သုံးပါမည်ဟု တရားဝင်ကတိပြုပြောဆိုခဲ့ခြင်းကို သံသယဖြစ်စေပါသည်။ ထိုဖြစ်ရပ်သည် ဝမ်းနည်းဖွယ်ကောင်းသည့်အပြင် အစိုးရမှ မြန်ဆန်မှုနှင့် ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးမှု မလုပ်နိုင်ခြင်းတို့သည် နိုင်ငံသားအားလုံးတို့ လူ့အခွင့်အရေး ရရှိရေးအတွက် စိတ်ဝင်စားမှုနှင့် အလေးထားမှု မရှိကြောင်းကိုလည်း ပြသနေပါသည်။ အစိုးရ အထက်အရာရှိပိုင်းမှ ယခုနှစ် ဇန်နဝါရီလ အစောပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေသည် တဖြည်းဖြည်း တိုးတက်လာသည်ဟု ပြောနေသော်လည်း နောက်ဆုံးဖြစ်ပေါ်ခဲ့သည့် စစ်တပ်နှင့် ရဲတို့၏လက်အတွင်း သေဆုံးခဲ့ရသည့် ကိုအောင်ကျော်နိုင်နှင့် ဒေါ်ခင်ဝင်းတို့၏ အမှုများသည် တိုင်းပြည်အတွင်း လူ့အခွင့်အရေးနှင့်စပ်လျဥ်းပြီး နောက်ပြန် သွားနေကြောင်းကိုလည်း ပြသနေပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ဖိနှိပ်ရန်အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မအား ဆက်လက်အသုံးပြုလျက်ရှိပါသည်။ ဆန္ဒပြသူများ၏ အသံများအား တိတ်ဆိတ်သွားစေရန် ထိုအငြင်းပွါးဖွယ်ရာ ဥပဒေအား ဆက်လက်အသုံးပြုလျက်ရှိပြီး၊ မြေယာအရေး တက်ကြွလှုပ်ရှားသူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် တောင်းဆိုဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများ ဖမ်းဆီး ထောင်ဒဏ်ချမှတ်ခံနေရသည်ကို ဆန့်ကျင် ဆန္ဒပြသူများအနေဖြင့် ထိုဥပဒေပုဒ်မ ၁၈ ၏ မမျှတမှုကို ခံစားနေကြရပါသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ ဇန်နဝါရီလ ထုတ်ပြန်ချက်မှ ထိုဥပဒေပုဒ်မအား ဝေဖန်ပြောဆိုထားပြီး၊ ပြုပြင်ရန်လည်း အကြံပြုထားပါသည်။ သို့သော်လည်း မြန်မာအစိုးရမှ ၎င်းတို့၏ မူဝါဒများကို ဝေဖန်ပြောဆိုသူတို့အား အသံတိတ်သွားစေရန် လုပ်ဆောင်မှုများကို ပြောင်းလဲရန်မှာ သံသယ ဖြစ်ဖွယ်ရှိနေပါသည်။

မြန်မာ့အလင်း သတင်းစာ၏ ဆောင်းပါးတစ်ပုဒ်အရ သမ္မတဦးသိန်းစိန်မှ လူထုအား ပြောကြားခဲ့သော လစဉ်ရေဒီယိုသတင်း မိန့်ခွန်းတွင် မြေယာခွဲဝေအသုံးပြုရေး စီမံခန့်ခွဲမှု ဗဟိုကော်မတီ တစ်ခုအား ဖွဲ့စည်းတည်ထောင်မည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။ ဒုတိယသမ္မတမှ ကော်မတီအား ဦးဆောင်မည်ဖြစ်ပြီး မြေယာအရေး ပြုပြင်ပြောင်းလဲမှုအား ပွင့်လင်းမြင်သာစွာ ဆက်လက် လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားခဲ့ခြင်းသည် တိုးတက် ဖြစ်ထွန်းမှုဖြစ်နိုင်သော်လည်း လက်ရှိကာလတွင် လယ်သမား ၁၀၀၀ ကျော်တို့သည် မြေယာ အခွင့်အရေး လှုပ်ရှားမှုများနှင့်စပ်လျဥ်းပြီး တရားရင်ဆိုင်နေရပါသည်။

နောက်ဆုံးအနေဖြင့် ပြောရလျှင် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသောကြောင့် မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မလိုအပ်ကြောင်း (သို့မဟုတ်) မြန်မာနိုင်ငံ၏ အခြေအနေအား ကုလသမဂ္ဂမှ အစီရင်ခံစာ ထုတ်ပြန်ရန် မလိုအပ်ကြောင်း အစိုးရမှ ယုံကြည်လျက်ရှိနေပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်တို့အား ဆက်လက်ချိုးဖောက်နေသည်ကို ထိုပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဥ်များမှ ရပ်တန့် နိုင်ခြင်း မရှိကြောင်း ထင်ရှားစွာ တွေ့မြင်နေရပါသည်။ ဒီဗွီဘီသတင်းဌာန၏ ဇန်နဝါရီလ ၁၆ ရက်နေ့ထုတ် သတင်းဆောင်းပါးအရ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Yanghee Lee မှ သူမ၏ မြန်မာနိုင်ငံ နောက်ဆုံးခရီးစဉ်အတွင်း "လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နယ်ပယ်တွေမှာ ကောင်းတဲ့ရလဒ်တွေ ပျောက်ဆုံးနေပါတယ်" ဟု ပွင့်လင်းစွာ ထုတ်ဖော် ပြောဆိုသွားသလို "ဒီနယ်ပယ်တွေမှာ နောက်ကြောင်း ပြန်နိုင်ခြေရှိတယ်လို့ ကျမရဲ့ ပထမအစီရင်ခံစာမှာ မှတ်သားခဲ့တာက ခုတော့ အမှန်တကယ်ပဲ ပိုပြီးတော့ ဖြစ်နေပါတယ်" ဟု ထပ်မံဖြည့်စွက် ပြောကြားသွားခဲ့ကြောင်းလည်း သိရှိရပါသည်။ ၂၀၁၅ ခုနှစ်သည် ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်အတူ အလွန်အရေးကြီးလှသည့် အချိန်ကာလ ဖြစ်သောကြောင့် အစိုးရမှ ပြုပြင်ပြောင်းလဲမှုများ လုပ်ပါမည်ဟု ကတိပြုထားသလို လုပ်ဆောင်ရန် တာဝန်ရှိသည့်အတွက် ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်း မြန်မာနိုင်ငံ အတွင်း ရှိနေရန် အမှန်တကယ်ပင် လိုအပ်ပါသည်။

# အရေးပါသည့် ဆက်စပ်သတင်းများ ဖတ်ရန် Links

**ဇန်နဝါရီလ ၁ ရက်**

*သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းကာ နှစ်သစ်အတွက် ကတိကဝတ်ပြုခြင်း၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)*

*သမ္မတ ဦးသိန်းစိန်မှ မြေယာများ ပြန်လည်ရရှိရန် ကူညီလုပ်ဆောင်ပေးသွားမည်ဟု ကတိပြုပြောကြား၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၃ ရက်**

*မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနယ်ပယ်၌ တိုးတက်ဖြစ်ထွန်းမှုရှိကြောင်း တွေ့ဆုံမေးမြန်းခန်းတွင် အစိုးရအာဏာပိုင်တစ်ဦးမှ ပြောကြား၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၆ ရက်**

*လက်ကျန်နိုင်ငံရေး အကျဉ်းသား စီစစ်ရေးကော်မတီ ပြန်လည်ဖွဲ့စည်း၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၇ ရက်**

*လက်ကျန်နိုင်ငံရေး အကျဉ်းသား စီစစ်ရေးကော်မတီ ပြန်လည်ဖွဲ့စည်း၊ အလဲဗင်း (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၈ ရက်**

*မဖြူနှင်းထွေးအား ထောက်ခံသူ ထောင်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

*မဖြူနှင်းထွေးအား ထောက်ခံသူ ထောင်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*

*တစ်ကိုယ်တော်ဆန္ဒပြသူ တရားစွဲခံရ၊ မဇ္ဈိမ*

**ဇန်နဝါရီလ ၉ ရက်**

*အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်း အာမခံ ငြင်းပါယ်ခံရ၊ မဇ္ဈိမ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၁၀ ရက်**

*လယ်သမားတစ်ဦး ကျူးကျော်မှုဖြင့် ထောင်ဒဏ်ချမှတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၁၂ ရက်**

*တစ်ကိုယ်တော်ဆန္ဒပြသူ တရားစွဲခံရ၊ မဇ္ဈိမ*

*လယ်သမားတစ်ဦး ခိုးမှုဖြင့် မတရားစွပ်စွဲ ဖမ်းဆီးခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

**ဇန်နဝါရီလ ၁၅ ရက်**

*လက်ပန်းတောင်းအရေး ဆန္ဒပြသူ ၂ ဦး ထပ်မံဖမ်းဆီး၊ ဒီဗွီဘီ (အင်္ဂလိပ်)*

*အစိုးရမှ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မလိုအပ်ကြောင်း ပြောကြား၊ မဇ္ဈိမ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၁၆ ရက်**

*ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တရားလွှတ်တော်ချုပ် တွေ့ဆုံဆွေးနွေး၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၁၇ ရက်**

*အလဲဗင်းသတင်းဌာနမှ သတင်းထောက်များ သတင်းစာရှင်းလင်းပွဲ တက်ရောက်ခွင့် ပိတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

*ဗကသမှ ကျောင်းသားများ ယခင်ဝန်ကြီးများရုံးအနီး ရိုက်နှက်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

**ဇန်နဝါရီလ ၂၂ ရက်**

*မွန္တလေးတိုင်းတရားရုံးမှ စဥ့်ကူမြို့နယ် လယ်သမားများအမှုအား ဆုံးဖြတ်ရန် စောင့်ဆိုင်း၊ ဧရာဝတီ (အင်္ဂလိပ်)*

*မြေသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြခဲ့သူ လယ်သမား ၁၉ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၂၅ ရက်**

*လယ်သမား ၄၅ ဦး ထောင်ဒဏ် ငွေဒဏ်များ ချမှတ်ခံရ၊ ဒီဗွီဘီ*

**ဇန်နဝါရီလ ၂၆ ရက်**

*လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကြီးမှ အငြင်းပွါးဖွယ်ရာ ဥပဒေနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်၊ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၂၇ ရက်**

*ကချင်ကျောင်းဆရာမ ၂ ဦး သတ်ခံရ၊ ကောလဟာလ သတင်းမှ စစ်တပ်လက်ချက် ဖြစ်ကြောင်း ပြော၊ ဧရာဝတီ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၂၉ ရက်**

*ကချင်ကျောင်းဆရာမ ၂ ဦး သတ်ခံရ၊ ကောလဟာလ သတင်းမှ စစ်တပ်လက်ချက် ဖြစ်ကြောင်းပြော၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၃၀ ရက်**

*၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ ငွေဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဇန်နဝါရီလ ၃၁ ရက်**

*ဖမ်းဆီးထိန်းသိမ်းခံ ရွှေနေ အစာငတ်ခံ ဆန္ဒပြ၊ လွတ်လပ်တဲ့ အာရှအသံ*

ဆက်သွယ်မေးမြန်းနိုင်ရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
ဦးတိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈ ၇၅၁
ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉၆၂၈ ၇၁၃